# ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အတွက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ်မှ ပေးပို့လာသော သဝဏ်လွှာ "ကမ္ဘာမြေအတွက်စာပို့တိုက်"

ကျွန်ုပ်တို့အနေနဲ့ ရာသီဥတုအရေးပေါ်အခြေအနေကို လျစ်လျူရှုလို့မရတော့ပါဘူး။ ကျွန်ုပ်တို့နေထိုင်ရာပတ်ဝန်းကျင်တွင် ပြင်းထန်သောရာသီဥတုပြောင်းလဲမှုများ ရုတ်တရက်ဆိုသလို ဖြစ်ပေါ်လာခြင်းသည် ကျွန်ုပ်တို့၏နေ့စဉ်ဘဝ နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းဆောင်တာများတွင် အကျိုးသက်ရောက်မှုများကို စတင်ဖြစ်ပေါ်လာစေပါတယ်။

သိပ္ပံဆိုင်ရာ သဘောတူညီချက်အနေနဲ့ကတော့ ရှင်းလင်းမှုရှိပါတယ်။ ဒါကတော့ လူသားများ၏ လုပ်ဆောင်မှုများကသာ ရာသီဥတုပြောင်းလဲမှုကို တွန်းအားပေးနေတယ်ဆိုတာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများ နှင့် လူမှုအဖွဲ့အစည်းတွေအနေနဲ့လည်း ဒီလိုရာသီဥတု ပြောင်းလဲမှုရဲ့ အဆိုးရွားဆုံးသော သက်ရောက်မှုများမှ ရှောင်ရှားနိုင်ဖို့အတွက် ကဏ္ဍအားလုံးမှ အရေးတကြီး ပါဝင်ဆောင်ရွက်ရန် တောင်းဆိုနေကြတာဖြစ်ပါတယ်။

စာပို့တိုက်ကဏ္ဍဟာ နိုင်ငံပေါင်း (၁၉၂) နိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ စာတိုက်ရုံးပေါင်း (၆) သိန်းကျော်မှာ အလုပ်လုပ်ကိုင်နေသူ (၅) သန်းကျော်အတွက် အလုပ်အကိုင်ထောက်ပံ့ ပေးထားတာဖြစ်ပါတယ်။ စာပို့တိုက်ကဏ္ဍအနေဖြင့် တစ်နှစ်လျှင် ဘီလီယံရာနှင့်ချီသော ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိပါတယ်။ ဒါကြောင့်လည်း စာပို့တိုက်ကဏ္ဍအပြင် ယင်းနှင့်ပူးပေါင်းမိတ်ဖက်များအနေဖြင့် ၎င်းတို့ရဲ့လုပ်ငန်းမှ ကာဗွန်ထုတ်လွှတ်မှုကို လျော့ချနိုင်ရန်အတွက် တိကျသေချာတဲ့ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တာဝန်ရှိနေသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ ကျွန်ုပ်တို့အနေနဲ့စာပို့တိုက်ကဏ္ဍအတွင်း ပြောင်းလဲမှုများဆောင်ရွက်နိုင်ဖို့ကို တွန်းအားပေးရမှာဖြစ်ပါတယ်။

ယခုနှစ်အတွက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် ဆောင်ပုဒ်ကိုတော့ " Post for Planet " (ကမ္ဘာမြေအတွက် စာပို့တိုက်) ကို ရွေးချယ်ထားပါတယ်။ ကုန်ပစ္စည်းများပေးပို့ခြင်းနှင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးလျက်ရှိသော ကမ္ဘာလုံးဆိုင်ရာဝန်ဆောင်မှုပေးသူတစ်ဦးအနေနဲ့ စာပို့တိုက်များဟာ ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုကွင်းဆက် (Global Supply Chain) တစ်ခုလုံးတွင် ၎င်းတို့၏ပူးပေါင်းမိတ်ဖက်များကို ဦးဆောင်လမ်းပြပေးနိုင်တဲ့အဓိက အနေအထားမှာ ရှိနေတာဖြစ်ပါတယ်။ ၎င်းတို့သည် အခြားကဏ္ဍများအတွင်းတွင် ဆောင်ရွက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဒဏ်မှ လျော့ပါးသက်သာရေး၊ လိုက်လျောညီထွေဖြစ်စေရေးနှင့် ခံနိုင်ရည်ရှိရေးတို့ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်တဲ့ ရှေ့တန်းမှဦးဆောင်သူတစ်ဦးအဖြစ် ဆောင်ရွက်နိုင်မည့် အခြေအနေမှာရှိပါတယ်။

ရာသီဥတုဖောက်ပြန်မှုကို တိုက်ဖျက်ရန်မှာ သေးငယ်သော အလုပ်မဟုတ်ပေ။ မှန်ကန်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် စစ်မှန်သော ရင်းနှီးမြှုပ်နှံမှုကို လိုအပ်မှာဖြစ်ပြီး ဒီရင်းနှီးမြှုပ်နှံမှုများဟာ ကျွန်ုပ်တို့ရဲ့ အနာဂတ်အတွက် အကျိုးကျေးဇူးများ ပေးဆောင်နိုင်မှာ ဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားမှုသည် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် တိုးတက်စေရေးကို တွန်းအားပေးမည်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ရုံးများ၊ ဆက်သွယ်မှု ကွန်ရက်များ နှင့် နယ်နိမိတ်များကို ကျော်လွန်၍ သက်ရောက်လာနိုင်မှုကိုလည်း စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီတိုက်ပွဲမှာ ကမ္ဘာပေါ်ရှိ လူတိုင်း၊ စီးပွားရေးလုပ်ငန်းတိုင်းနှင့် နိုင်ငံတိုင်းက တာဝန်ရှိတာဖြစ်ပါတယ်။ နောင်လာမည့် မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ် ကိုရရှိရန် ကျွန်ုပ်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ယူပီယူအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများအနေနဲ့ စာပို့တိုက်ကဏ္ဍအတွက် လုံခြုံစိတ်ချရသော ရာသီဥတုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများရှိစေရန်အတွက် အစိုးရနှင့်ပုဂ္ဂလိကမိတ်ဖက်များလက်တွဲဆောင်ရွက်သွားရန် ကျွန်ုပ်အနေနဲ့ တိုက်တွန်းအပ်ပါသည်။

စာတိုက်လုပ်ငန်းများကိုလည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလတစ်လျှောက် စာတိုက်လုပ်ငန်း အသိုက်အဝန်းများအတွက် အကူအညီဖြစ်စေခဲ့သည့် တီထွင်ဆန်းသစ်မှုစိတ်ဓာတ်ကို ပြန်လည် အသက်သွင်း လုပ်ဆောင်သွားရန်ကို ကျွန်ုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ဤအတွေ့အကြုံကို အသုံးပြု၍ စာတိုက်လုပ်ငန်းများမှ လေထုထဲသို့ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပေးမည့်ဆန်းသစ်သော ဖြေရှင်းနည်းများကိုရှာဖွေရန် နှင့် စာတိုက်လုပ်ငန်းအသိုက်အဝန်းများအတွက် ပံ့ပိုးပေးနိုင်မည့် သင့်လျော်ပြီးထိရောက်မှုရှိသော တုံ့ပြန်မှုများကို ရှာဖွေခြင်းအတွက် စံသတ်မှတ်ချက်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ နေ့စဉ်စာပို့ဝန်ဆောင်မှုကိုအသုံးပြုနေတဲ့ သန်းပေါင်းများစွာသော ပြည်သူများအနေနဲ့ ပိုမိုကောင်းမွန်တဲ့ တောက်ပတဲ့အနာဂတ်တစ်ခုကို တည်ဆောက်ဖို့ ကျွန်ုပ်တို့လုပ်ဆောင်နေချိန်မှာ ကျွန်ုပ်တို့ရဲ့ ကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးပါလို့ တောင်းဆိုလိုပါတယ်။

အောင်မြင်သော ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနား ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။